# Highlights from DVB Debate's Concluding Illegal Gambling Show

## April 22, 2017

## "How to stop illegal gambling?"

"အမျိုးသမီးတွေကိုယ်တိုင် လောင်းကစားလုပ်နေတာ ၉၀ ရာခိုင်နှုန်းရှိတယ်. အုပ်ချုပ်ရေးလက်လှမ်းမမီတဲ့ နေရာတွေမှာဖြစ်နေတဲ့ လောင်းကစားဝိုင်းတွေမှာ အခြေအနေတွေ ပိုဆိုးတယ်"

မန်းသိန်းဇော် - အမှုဆောင်ဒါရိုက်တာ၊ သွီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာကွန်ရက်

---

"ငြိမ်းချမ်းရေး ဝင်လာသူတွေရဲ့ စားဝတ်နေရေးကို ဘယ်လိုဖြေရှင်းနေကြလဲ? ငြိမ်းချမ်းရေးအဖွဲ့တွေရဲ့ စားဝတ်နေရေးကို မူးယစ်ဆေးဝါးကိစ္စတို့ လောင်းကစားဝိုင်းထောင်ပြီး ဖြေရှင်းခိုင်းတာတို့ ရှိနေလားဆိုတာတွေ စဉ်းစားစရာတော့ ရှိတယ်"

မန်းအောင်ပြည့်စိုး - ဒုဥက္ကဋ္ဌ၊ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ

---

"ဘားအံမြို့က ပြောရရင် မြို့မကျ တောမကျ မြို့ဖြစ်နေတယ်။ စီးပွားရေးဖွံ့ဖြိုးမှု အားနည်းတာ၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးကြတော့ အလွယ်ရတဲ့ လောင်းကစားပဲ လူတွေ လိုက်စားနေတယ်"

ကိုဟိန်းရာဇာ - သင်တန်းဆရာ

---

"ကျေးရွာတရွာမှာ အလှူလုပ်ရင် လောင်းကစားဝိုင်းတွေက ပါလာပြီ။ ဒီလောင်းကစားဝိုင်းတွေသည် အုပ်ချုပ်ရေးမှူးတွေ သက်ဆိုင်ရာ တာဝန်ရှိသူတွေက ခွင့်ပြုမှ လုပ်လို့ရတာပါ"

မန်းသိန်းဇော် - အမှုဆောင်ဒါရိုက်တာ၊ သွီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာကွန်ရက်

---

"တချို့ကိစ္စတွေက ကိုင်တွယ်ရတာ အင်မတန် နူးညံ့မှုရပါတယ်. တချို့အဖွဲ့တွေနဲ့က ထိပ်တိုက်တွေ့လို့မရပါဘူး"

စောယှား(ရှား)ဖောင်အွာ - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မဲဆန္ဒနယ်အမှတ် ၁၂ ကရင်ပြည်နယ်

---

"လောင်းကစားလုပ်ကိုင်တွေသူတွေမှာက အာဏာရှိတယ်၊ လက်နက်ရှိတယ်၊ လုပ်ပိုင်ခွင့်ရှိတယ်"

မန်းသိန်းဇော် - - အမှုဆောင်ဒါရိုက်တာ၊ သွီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာကွန်ရက်

---